**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၃/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၁၂၁ နှင့် ပုဒ်မ ၃၅(ဂ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဒါရိုက်တာအဖွဲ့က ချမှတ်ထားသော အောက်ပါ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ္ဍာရေးစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

**အမည်**

၁။ ဤစည်းမျဉ်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ္ဍာရေးစည်းမျဉ်းဟု ခေါ်တွင်စေရမည်။

**အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤစည်းမျဉ်းတွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

**အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမူများ**

၃။ (က) ဝင်ငွေတိုးတက်ရရှိရေး၊ ထိရောက်၍အကျိုးရှိသော အသုံးစရိတ်များဖြစ်ပေါ်ရေးကို အခြေခံမူသဘောထားရှိ၍ ရေးဆွဲရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရှေ့လာမည့် နှစ်နှင့် ယင်းနှစ်၏ နောက်(၂)နှစ်အတွက် ကြိုတင်ခန့်မှန်းချက်များဖြင့် ရေးဆွဲရမည်။

(ဂ) သာမန်နှင့် ငွေလုံးငွေရင်း အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ရေးဆွဲရာတွင် မြန်မာကျပ်ငွေဖြင့် ရငွေသုံးငွေခန့်မှန်းခြေနှင့် နိုင်ငံခြားသုံးငွေဖြင့် ရငွေသုံးငွေခန့်မှန်းခြေများကို ရေးဆွဲရမည်။

(ဃ) ရေးဆွဲရာတွင် ငွေသားခန့်မှန်းခြေငွေစာရင်း (Cash Budget) နှင့် ဝန်ဆောင်မှုခန့်မှန်းခြေငွေစာရင်း (Services Budget) တို့ကို ဖော်ပြရေးဆွဲရမည်။

(င) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ အခန်း(၄)တွင် ပြဋ္ဌာန်းပါရှိသော အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း နှင့်သက်ဆိုင်သည့်အချက်များကို လိုက်နာရမည်။

(စ) ငွေသားခန့်မှန်းခြေငွေစာရင်း (Cash Budget) ကို ရေးဆွဲရာတွင် ကျပ်ငွေခန့်မှန်းခြေငွေစာရင်းနှင့် နိုင်ငံခြားသုံးငွေခန့်မှန်းခြေငွေစာရင်း ခွဲခြားရေးဆွဲရမည်။

(ဆ) အရအသုံးခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာတွင် ကျင့်သုံးလျက်ရှိသော အခြေခံမူသောင်များကို အလေးထားရေးဆွဲရန်နှင့် ခေတ်ကာလအလျောက် တိုးတက်ပြောင်းလဲလာသော နည်းစနစ်များကိုလည်း လေ့လာရေးဆွဲရမည်။

(ဇ) အရအသုံးခန့်မှန်းခြေငွေစာရင်းလုပ်ငန်းစဉ် အဆင့်ဆင့်ဖြစ်သော ရေးဆွဲခြင်း၊ စိစစ်ခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ အစဉ်အမြဲတိုးတက်ထိရောက်ရေးကို ရှေးရှုဆောင်ရွက်ရမည်။

(ဈ) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ရရှိပြီးသော အသုံးစရိတ်များကိုသာ ထည့်သွင်းလျာထားရမည်။

(ည) သာမန်၊ ငွေလုံးငွေရင်း၊ ကြွေးမြီဟူသော ငွေကြေးသဘာဝအလိုက်ခွဲခြားမှုသည် ဝင်ငွေနှင့် အသုံးစရိတ်၊ ရရန်၊ ပေးရန် စာရင်းများမှန်ကန်မှုနှင့်ဆက်စပ်နေပါ၍ ငွေကြေးသဘာဝခွဲခြားမှုကို ဂရုပြုရေးဆွဲရမည်။

(ဋ) ဒါရိုက်တာအဖွဲ့မှ အတည်ပြုပြီးသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းပါ ခွင့်ပြုရန်ပုံငွေများကို ရုံးချုပ်၊ ရုံးခွဲများသို့ ခွဲဝေပေးခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်း၊ နောက်ထပ်လိုအပ်ငွေများ တောင်းခံခြင်းနှင့် ပိုလျှံငွေပြန်လည်ပေးအပ်ခြင်း အစဉ်အလာအတိုင်း ဆောင်ရွက်ရမည်။

(ဌ) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့်အတူ လူအင်အားစာရင်းနှင့် ပစ္စည်းစာရင်းများကိုလည်း ရေးဆွဲ၍ ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ရယူရမည်။

(ဍ) နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၏ မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေများကို နှိုင်းယှဉ်ရေးဆွဲခြင်း၊ ပြုပြင်ပြီးခန့်မှန်းခြေနှင့် အမှန်စာရင်းများ နှိုင်းယှဉ်ရေးဆွဲခြင်းတို့ကို နှစ်စဉ် မပျက်မကွက် ရေးဆွဲတင်ပြရမည်။

(ဎ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၃၅(ခ)အရ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ရယူပြီး အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြသည်နှင့် တစ်ပြိုင်နက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ဏ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရန် လိုအပ်ပါက နှစ်စဉ် အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ရယူပြီး ဆက်လက်ဆောင်ရွက်ရန်လုပ်ငန်းများကို အချိန်မီပြီးစီးရန် ကြိုတင်စီစဉ်ဆောင်ရွက်ရမည်။

(တ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲတင်ပြရာတွင် အောက်ပါစာရင်းဇယားများပူးတွဲပါရှိရမည်-

(၁) အကျဉ်းချုပ်ဇယားတင်ပြချက်၊

(၂) အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်းသည့် ပြည့်စုံသောရှင်းလင်းတင်ပြချက်၊

(၃) ယခင်နှစ်စဉ်ခန့်မှန်းချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေတင်ပြချက်၊

(၄) ကြွေးမြီအရပ်ရပ်အခြေအနေတင်ပြချက်၊

(၅) ဝင်ငွေနှင့် အသုံးစရိတ်စာရင်းနှင့် ဘဏ္ဍာရေးအခြေအနေတင်ပြချက်။

(ထ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်များရေးဆွဲပါက ယမန်နှစ်၏ ရှေ့ပြေးအမှန်၊ လက်ရှိနှစ်၏ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း၊ တင်ပြသည့် ဘဏ္ဍာရေးနှစ်၏ ခန့်မှန်းခြေငွေစာရင်းနှင့် ရှေ့လာမည့်နှစ်နှစ်အတွက် မျှော်မှန်းချက် စာရင်းများကို လက်ရှိနှစ်၏ ဈေးကွက်ဈေးနှုန်းများဖြင့် အောက်ပါအချက်များပါဝင် စေလျက်ဖော်ပြရမည်-

(၁) ရငွေ၊

(၂) သုံးငွေ၊

(၃) လိုငွေ၊

(၄) လိုငွေကိုဖြည့်ဆည်းခြင်း၊

(၅) ကြွေးမြီလျာထားချက်။

(ဒ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နှစ်လတ်ဘဏ္ဍာရေးလျာထားချက်ကို ရှင်းလင်း တင်ပြရာတွင် ဝင်ငွေခန့်မှန်းချက်၊ အခြေခံလျာထားအသုံးစာရင်းရရှိသည့် ဘဏ္ဍာရေး အခြေအနေ၊ လုပ်ငန်းအစီအစဉ်သစ်များအတွက် လိုအပ်သော အသုံးစရိတ်နှင့် ထပ်မံ လိုအပ်ငွေကို ဖြည့်ဆည်းခြင်းတို့ကို ဖော်ပြရမည်။

(ဓ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ္ဍာငွေ တိုးပွားတည်တံ့ခိုင်မြဲရေးကို ရေရှည် မျှော်မှန်းချက်ဖြင့် အစဉ်ဦးတည်ဆောင်ရွက်ရမည်။

(န) ခန့်မှန်းထားသောရငွေများကို ပြည့်ဝစွာရရှိရေးဆောင်ရွက်ရန်နှင့် ခွင့်ပြုထားသော ခန့်မှန်းသုံးငွေ၏ ဘောင်အတွင်းသာသုံးစွဲရမည်။

(ပ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေကို ဝင်ငွေစာရင်းသို့ ပေးသွင်းရမည်ဖြစ်ပြီး ရငွေကို ဝင်ငွေစာရင်းသို့မသွင်းဘဲ ပြန်လည်သုံးစွဲခြင်းမပြုရ။

(ဖ) နိုင်ငံတော်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း စုစည်းပေါင်းချုပ်ရာ၌ ဗဟိုဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၂၆၊ ၂၇ နှင့် ၂၈ ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ခြင်းမှဖြစ်ပေါ်လာသည့် အသားတင်ဝင်ငွေ၏ ၆၀% ကို နိုင်ငံတော်သို့ ထည့်ဝင်ငွေအဖြစ် ထည့်ဝင်ရမည့် ခန့်မှန်းခြေငွေရပ်ကိုသာ ဝန်ကြီးဌာနသို့ စာရင်း ပေးပို့ပါဝင်စေရမည်။

၄။ အရအသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲရန် တာဝန်မှာ ရုံးချုပ်နှင့် ရုံးခွဲများ၏ စီမံရေးဌာနများ၏တာဝန်ဖြစ်ပြီး ခန့်မှန်းခြေငွေစာရင်းပေါင်းချုပ်ရေးတာဝန်မှာ ရုံးချုပ်၏ စီမံရေးဌာနဖြစ်သည်။ အရအသုံးခန့်မှန်းခြေငွေစာရင်းစိစစ်ခြင်းကို စီမံရေးဌာန၏ အဆင့်ဆင့်သော တာဝန်ရှိသူများက ဆောင်ရွက်ပြီး ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက် ရယူရမည်။

**အခြေခံဘဏ္ဍာရေးစည်းကမ်းများ**

၅။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေများတောင်းခံခြင်း၊ လက်ခံရယူခြင်း၊ အထောက်အထားပြေစာထုတ်ပေးခြင်း၊ လုံခြုံစွာထိန်းသိမ်းထားရှိခြင်း၊ လိမ်လည်မှု၊ အလွဲသုံးစားမှုမရှိစေရေးအတွက် အစီအမံများ ပြုလုပ်ထားရှိခြင်း၊ ငွေကြေးကိုင်တွယ်ဆောင်ရွက်သူများနှင့် တာဝန်ခံအဆင့်ဆင့်တို့၏ လုပ်ငန်းစဉ်များ တိကျစွာသတ်မှတ်ထားရှိခြင်း၊ ရငွေဆိုင်ရာမှန်ကန်မှုအတွက် တာဝန်ခံအဆင့်ဆင့်၏ စစ်ဆေးအတည်ပြုချက်များ ပြည့်စုံစွာရှိခြင်းများကို စနစ်တကျပြုလုပ်ရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ပေးငွေများနှင့်စပ်လျဉ်း၍ ပေးငွေတိုင်းတွင် အထောက်အထားပြေစာ အပြည့်အစုံပါရှိသော ငွေတောင်းခံလွှာရှိခြင်း၊ ကျခံရမည့် ငွေစာရင်းခေါင်းစဉ်နှင့် ခွင့်ပြုရန်ပုံငွေရှိခြင်း၊ လိမ်လည်မှု၊ အလွဲသုံးစားမှု မပြုနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်ထားရှိခြင်း၊ ဘဏ်မှငွေထုတ်ယူခွင့်ရှိသူကို အမည်၊ ရာထူးနှင့်တကွ သတ်မှတ်ထားရှိခြင်းများကို စနစ်တကျပြုလုပ်ရမည်။

(ဂ) ပေးချေမှုများအတွက် ငွေသားအစား ချက်လက်မှတ်ဖြင့် အဓိကထား ပေးချေရမည်။ ချက်ချင်းပေးချေရန် မလိုအပ်သောကိစ္စရပ်များတွင် ဘဏ်မှငွေကြိုတင်ထုတ်ယူခြင်းမပြုရ။

(ဃ) အမှန်စာရင်းများနှင့် ဘဏ်တွင်ဖွင့်လှစ်ထားသောစာရင်းများကို လစဉ် စာရင်းညှိနှိုင်းမှု မပျက်မကွက် ပြုလုပ်ရမည်။

(င) ဆုံးရှုံးမှုများဖြစ်ပေါ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးရှုံးမှုကို ပြန်လည်ရရှိရေးနှင့် လိုအပ်သော အရေးယူဆောင်ရွက်မှုပြုလုပ်ရေးကို ထိရောက်စွာ ဆောင်ရွက်ရမည်။

(စ) ယာယီထုတ်ပေးငွေများ၊ ယာယီအပ်ငွေများနှင့် ပေးရန်ရှိအသုံးစရိတ်များကို ကိစ္စရပ်တစ်ခုချင်းအလိုက် စောင့်ကြည့်စာရင်းရှင်းလင်းရမည်။

(ဆ) အထောက်အထားမရှိသော အသုံးစရိတ်များနှင့် ငွေစာရင်းခေါင်းစဉ် မသိရှိသောကိစ္စရပ်များကို စာရင်းတင်ရာ၌ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ရယူရမည်။

(ဇ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ္ဍာငွေကိုသုံးစွဲသောအခါ သို့မဟုတ် သုံးစွဲရန်ခွင့်ပြုသောအခါ အောက်ပါ ဘဏ္ဍာရေးကျင့်စဉ်ကြီးများကို ဦးတည်ကျင့်သုံးရမည်-

(၁) အသုံးစရိတ်တစ်ရပ်ကို အမှန်တကယ်လိုအပ်သည်ထက် ပိုမို၍ မသုံးစွဲရန် အထူးကြပ်မတ်ရမည်၊

(၂) ချင့်ချိန်ဝေဖန်နိုင်သော ပုဂ္ဂိုလ်တစ်ဦးက မိမိပိုင်ငွေများကိုသုံးစွဲရာ၌ ချင့်ချိန်သကဲ့သို့ပင် ဝန်ထမ်းတိုင်းသည် ဗဟိုဘဏ်၏ ဘဏ္ဍာငွေကိုသုံးစွဲရာ၌ အလားတူ ချင့်ချိန်သုံးစွဲရမည်၊

(၃) လုပ်ပိုင်ခွင့်ရှိသူတစ်ဦးသည် မိမိ၏လုပ်ပိုင်ခွင့်အရ အမိန့်တစ်ရပ်ချမှတ်ရာ၌ မိမိအား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးဖြစ်ထွန်းစေမည့် အမိန့်ကိုမချမှတ်ရ၊

(၄) ခွင်းချက်ပြုထားသောကိစ္စရပ်များမှတစ်ပါး ဗဟိုဘဏ်၏ ဘဏ္ဍာငွေများကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အထူးအခွင့်အရေးအနေဖြင့် အကျိုးကျေးဇူးဖြစ်စေရန် အသုံးမပြုရ၊

(၅) ဗဟိုဘဏ်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာ၌ ကုန်ကျစရိတ်ကို ကာမိစေရန် ခွင့်ပြုသည့် ခရီးစရိတ်ကဲ့သို့သော စရိတ်များသည် လက်ခံရရှိသူအတွက် အမြတ်အစွန်းမဖြစ်စေရ။

(ဈ) ဌာနတစ်ခု၏ အုပ်ချုပ်ရေးတာဝန် ပေးအပ်ခြင်းခံရသော ဌာနအကြီးအကဲသည် ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးကြီးကြပ်အုပ်ချုပ်မှုကိစ္စများနှင့် ပတ်သက်၍လည်း တာဝန်ရှိသူ ဖြစ်စေရမည်။ ဌာန၏ ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးကြီးကြပ်အုပ်ချုပ်မှု လုပ်ဆောင်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်းအားဖြင့် မိမိလက်အောက်ရှိ ငွေစာရင်းလုပ်ငန်းများကိုပါ ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရမည်။

(ည) ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်အုပ်ချုပ်မှုလုပ်ပိုင်ခွင့်များကို ပြန်တမ်းဝင် အဆင့်ထက်နိမ့်သော ဝန်ထမ်းအား ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လွှဲအပ်ခြင်းမပြုရ။ ယင်းသို့ လွှဲအပ်ဆောင်ရွက်စေခြင်းဖြင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များကို လွှဲအပ်သူ၌သာ တာဝန်ရှိစေရမည်။ အခြားအဖွဲ့အစည်းများမှသော်လည်းကောင်း၊ အစိုးရဌာန၊ ဌာနခွဲများမှသော်လည်းကောင်း ယင်းတို့၏ အဖွဲ့အစည်းအတွက် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်အုပ်ချုပ်မှုလုပ်ဆောင်ပိုင်ခွင့်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဝန်ထမ်းများအား ပူးတွဲတာဝန်ပေးအပ်သည့်ကိစ္စများတွင် ဒါရိုက်တာအဖွဲ့၏ ကြိုတင်သဘောတူညီချက်ရှိရမည်။

(ဋ) ငွေကြေးကိစ္စများ ကိုင်တွယ်ဆောင်ရွက်ရန်အတွက် တာဝန်လွှဲအပ်ခြင်းခံရသော ဝန်ထမ်းသည် အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းဌာနတွင် အမြင့်ဆုံးရာထူးအဆင့်ရှိသူဖြစ်ရမည်။ အဆိုပါဝန်ထမ်းသည် အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားဖြောင့်မတ်သူဖြစ်ရမည်။

(ဌ) ငွေကြေးဌာနနှင့် ငွေစာရင်းဌာနကို သီးခြားထားရှိ ဆောင်ရွက်စေရမည်။ ထိုဌာနနှစ်ခုအား သီးခြားလွတ်လပ်သော ငွေစာရင်းများထားရှိစေပြီး တာဝန်ရှိသူဝန်ထမ်းက

နှစ်ဌာနကြား တိုက်ဆိုင်စာရင်းကိုက်ညှိသည့်စနစ်ဖြင့် နေ့စဉ်ဆောင်ရွက်ရမည်။ အဖွဲ့အစည်းတစ်ခုတွင် ယင်းကဲ့သို့ဆောင်ရွက်စေသည့်အခါ၌ လုပ်ငန်းစဉ်အသေးစိတ်နှင့်တကွ ဝန်ထမ်းအသီးသီးတို့၏ တာဝန်ဝတ္တရားများကို တိတိကျကျ ပြဋ္ဌာန်းချက်များ ရှိရမည်။

(ဍ) ငွေကြေးဖြင့် ဆောင်ရွက်ချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းအတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် စာရင်းပုံစံများဖြင့် ရေးသွင်း၍ စနစ်တကျ ထိန်းသိမ်းထားရှိရမည်။ စာရင်းထိန်းသိမ်းသည့် တာဝန်ရှိဝန်ထမ်းသည် စာရင်း၏မှန်ကန်မှုနှင့် ပြည့်စုံမှုကို တာဝန်ရှိစေရမည်။

(ဎ) အမိန့်စာထုတ်ပြန်၍ အာမခံငွေတင်သွင်းရန် သတ်မှတ်ထားသည့် ဝန်ထမ်းများသည် ယင်းအမိန့်စာအတိုင်း တိကျစွာလိုက်နာရမည်။ ထိုသို့ဆောင်ရွက်ခြင်းမရှိသော ကိစ္စရပ်တိုင်း၌ ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ခွင့်ပြုမိန့်ရှိရမည်။

**ရငွေ၊ သုံးငွေဆိုင်ရာစည်းကမ်းများ**

၆။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေများနှင့် သုံးငွေများဖြစ်သော သာမန်၊ ငွေလုံးငွေရင်း၊ ကြိုတင်ထုတ်ပေးငွေ၊ အပ်ငွေ၊ ကြွေးမြီ၊ လွှဲပို့ငွေနှင့် ဆုံးရှုံးခြင်းစသည့် ငွေကြေးဆိုင်ရာကိစ္စများအတွက် အသေးစိတ်ဘဏ္ဍာရေးလုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများကို နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများနည်းတူ လိုက်နာရမည်။ သို့သော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထူးခြားသော၊ လုပ်ငန်းသဘောသဘာဝအရ သီးခြားသတ်မှတ်ဆောင်ရွက်ရန် လိုအပ်သောကိစ္စများတွင် ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ပုံ) ကျော်ကျော်မောင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်